ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အမှတ်၊ ၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

E-mail: dgdma@myanmar.com.mm , dma.myan@gmail.com    Tel :  95 1 397640
PO.Box: 194    Fax:  95 1 397641

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်

## ညွှန်ကြားချက် ( ၁/၂၀၁၅ )

အကြောင်းအရာ။ **ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးကိစ္စ**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ရေယာဉ်များအား အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကို တာဝန်ခံ၍ စီမံဆောင်ရွက်လျက်ရှိသော ဌာနဖြစ်သည်။ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် ရေယာဉ်မောင်းနှင်သူများ လိုက်နာရမည့် စည်းကမ်းများ၊ ခရီးသည်များ လိုက်နာရမည့် စည်းကမ်းများ၊ ရေယာဉ်ပိုင်ရှင်များ လိုက်နာရမည့် စည်းကမ်းများအားလည်း ခရီးသွားပြည်သူများ သိရှိနိုင်စေရန်အတွက်လည်းကောင်း၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မောင်းနှင်သူများ သိရှိနိုင်စေရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များရှိ ဆိပ်ကမ်းအသီးသီးတွင် ပညာပေးဆိုင်းဘုတ်များ စိုက်ထူလျက် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

၂။ သို့ရာတွင် ရေယာဉ်များအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရန် ထုတ်ပြန်ထားသည့် စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အားနည်းခြင်း၊ ပျက်ကွက်ခြင်းများကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိလျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသည် မိမိတိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ခုတ်မောင်းပြေးဆွဲလျက်ရှိသည့် ရေယာဉ်များအား အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းပြေးဆွဲစေရေးအတွက် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာရေယာဉ်စည်းကမ်းထိန်းအဖွဲ့များကို စနစ်တကျအလေးထားကြပ်မတ် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကြီးကြပ်မှုကော်မတီများသို့ တင်ပြဆောင်ရွက်သွားရမည်ဖြစ်သည်။

၃။ တိုင်းဒေသကြီး/ပြည်နယ် များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသည် သက်ဆိုင်ရာ ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီများက ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်မှု အစီရင်ခံစာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့တင်ပြလျက်ရှိသည့်နည်းတူရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန( ရုံးချုပ်)

သို့လည်း အပတ်စဉ် တနင်္လာနေ့တိုင်း ပူးတွဲပါ ပုံစံအတိုင်း မပျက်မကွက်ပေးပို့သွားရမည်ဖြစ်သည်။

၄။ ထို့အပြင် သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၏ ရေယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများက အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊ ရေယာဉ်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများအား ရေကြောင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးခြင်း၊ ရှင်းလင်းဟောပြောမှု ဆောင်ရွက်ခြင်းတို့အားလည်း အပတ်စဉ် အစီရင်ခံစာ တွင် မှတ်တမ်းဓါတ်ပုံများနှင့်တကွ ထည့်သွင်းဖော်ပြသွားရန်ဖြစ်သည်။

၅။ အဆိုပါ ကွင်းဆင်းစစ်ဆေးမှုများတွင် စည်းကမ်း ဖောက်ဖျက်မှုများ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များရှိ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကြီးကြပ်မှု ကော်မတီသို့ တင်ပြ၍ ထိရောက်စွာဆောင်ရွက်သွားရန်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ် အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အဆင့် အထိ ခရီးသည်/ကုန်စည် ဆိပ်ကမ်း အသီးသီးတို့အားလည်း ရေကြောင်းအန္တရာယ် ကင်းရှင်းမှုရှိစေရေးအတွက် စီမံချက်ရေးဆွဲ၍ ကွင်းဆင်းစစ်ဆေးခြင်း နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သွားရန် ဖြစ်ကြောင်းညွှန်ကြားသည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း-**

ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ မန္တလေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးမြို့၊
ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ရန်ကုန်တိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ မကွေးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မကွေးမြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ ကချင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြစ်ကြီးနားမြို့၊

ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အထက်မြန်မာပြည် )၊ ရခိုင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စစ်တွေမြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပုသိမ်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ မွန်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မော်လမြိုင်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ ပဲခူးတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်မြို့၊
ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ ( အောက်မြန်မာပြည် )၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့။

မိတ္တူ-

ပို့ဆောင်ရေးဝန်ကြီးဌာန

## ရေယာဥ်စည်းကမ်းထိန်းရေးအဖွဲ့၏ ရေယာဥ်စစ်ဆေးချက် အစီရင်ခံစာ
( စစ်ဆေးသည့်ရက်စွဲ/အချိန် )

၁။ စစ်ဆေးသည့်ရေယာဥ်အမည် -
၂။ စစ်ဆေးသည့် ရေယာဥ်၏ မှတ်ပုံတင်အမှတ် -
၃။ စစ်ဆေးသည့်ရေယာဥ်လိုင်းအမည်/ပိုင်ရှင်အမည် -
၄။ ရေယာဥ်သွားရောက်မည့်ခရီးစဥ် -
၅။ ခရီးသည် ( ခွင့်ပြုဦးရေ/စီးနင်းသည့်ဦးရေ ) -
၆။ တင်ဆောင်ထားသည့် ကုန်စည်တန်ချိန် -

**စစ်ဆေးတွေ့ရှိချက်**

| စဥ် | စစ်ဆေးရမည့်အချက်အလက် | မှတ်ချက် |
|---|---|---|
| ၁။ | သက်တမ်းရှိသည့်အန္တရာယ်ကင်းရှင်းကြောင်းသက်သေခံလက်မှတ် (စစ်ဆေးပြီးကြောင်းသက်သေခံ လက်မှတ်) ရေယာဥ်ပေါ်တွင် ရှိ/မရှိ စစ်ဆေး ခြင်း | |
| ၂။ | ပြေးဆွဲမည့် ခရီးစဥ်အတွက် ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင် ရေယာဥ်ပေါ်တွင် ရှိ/မရှိ စစ်ဆေးခြင်း | |
| ၃။ | သတ်မှတ်ထားသည့် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ထားသောရေယာဥ်အုပ်နှင့်စက်ခန်းအုပ်တို့က ရေယာဥ်ကိုမောင်းနှင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၄။ | ရေယာဥ်အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန်သတ်မှတ်ထားသော သင်္ဘောသားဦးရေ ရေယာဥ်ပေါ်တွင် ရှိ/မရှိ စစ်ဆေးခြင်း | |
| ၅။ | သတ်မှတ်ထားသည့်ခရီးသည်ဦးရေထက်ပိုမို၍ရေယာဥ်ပေါ်တွင် တင်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၆။ | သတ်မှတ်ထားသည့် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောင်နှင့် အသက်ကယ်ပစ္စည်းများ ရေယာဥ်ပေါ်တွင် ပြည့်စုံစွာ ရှိ/မရှိ စစ်ဆေးခြင်း (တွေ့ရှိသည့်စာရင်းအားဖော်ပြရန်) | |
| ၇။ | သတ်မှတ်ထားသည့် မီးသတ်ဆေးဘူးများ ရေယာဥ်ပေါ်တွင် ပြည့်စုံစွာ ရှိ/မရှိ စစ်ဆေးခြင်း | |
| ၈။ | သတ်မှတ်ထားသည့် ဝန်တင်မျဥ်း နစ်မြုပ်သည်အထိကုန်တင်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၉။ | ရေယာဥ်၏အမိုးပေါ်တွင် ခရီးသည် တင်ဆောင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း | |
| ၁၀။ | ရေယာဥ်အမိုးပေါ်တွင် ကုန်တင်ဆောင်ထားခြင်းရှိ/မရှိ စစ်ဆေးခြင်း | |

စစ်ဆေးခဲ့သည့် စည်းကမ်းထိန်းသိမ်းအဖွဲ့ခေါင်းဆောင်